ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

စာအမှတ် ၊ ကသရ (ဦး)စီမံ /၂၀၁၉-၂၀၂၀(၈၁၃၆)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ဇန်နဝါရီလ ၃၀ ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ ကုန်သွယ်ရေးဦးစီးဌာန ၊ နေပြည်တော်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ကိရိယာပစ္စည်း (၂)မျိုး၊ ယှဉ်ပြိုင်မှုကော်မရှင်ရုံးအတွက် မြေညှိမြေဖြတ်ဖြင်းနှင့် ယှဉ်ပြိုင်မှုကော်မရှင်ရုံးတည်ဆောက်ခြင်းအတွက် အရည်အသွေးစစ်ဆေးခြင်း(QC ဝန်ဆောင်မှုရယူခြင်း)လုပ်ငန်းအား ဝန်ကြီးဌာန၊တင်ဒါကော်မတီဖြင့် အောက်ဖော်ပြပါ သတ်မှတ်စံချိန်စံညွှန်းနှင့် တင်ဒါစည်းကမ်းချက်များအတိုင်း ဈေးနှုန်းစိစစ်ရွေးချယ် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ကုမ္ပဏီ/ အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါပစ္စည်းနှင့်လုပ်ငန်းများကိုတင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot No | DESCRIPTION OF EQUIPMENT | QTY |
|---|---|---|
| 1 | (1) Air Conditioner (1.5 HP)(Split Type) Aufit<br>(2)Paper Cutter (A3 Size) | 17 Nos<br>1 No |
| 2 | ယှဉ်ပြိုင်မှုကော်မရှင် RC (2)ထပ်ရုံး<br>မြေညှိမြေဖြတ်ခြင်း(၂၀၀'x၂၀၀'x၅') | 1 Lot |
| 3 | ယှဉ်ပြိုင်မှုကော်မရှင်(၉၀'x၄၅'x၂၂') RC(၂)ထပ်ရုံးသစ် တည်ဆောက်ခြင်း(ရေ၊မီး၊မိလ္လာ၊ Drain & Apronအပါအဝင်)လုပ်ငန်းအတွက် အရည်သွေးစစ်ဆေးခြင်း (QCဝန်ဆောင်မှုရ ယူခြင်း) | 1 Lot |

၂။ တင်ဒါတင်သွင်းမည့်သူများသည် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများကို ဝန်ကြီးဌာန၊ တင်ဒါကော်မတီဝင်များ ရှေ့မှောက်ရှိ တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) တင်ဒါယှဉ်ပြိုင်သူများသည် ဝင်ရောက်ယှဉ်ပြိုင်မည့်တင်ဒါစပေါ်ငွေအား မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် (P.O Cheque)ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိသောကုမ္ပဏီ/အရောင်းဆိုင်များ၏ တင်ဒါစပေါ်ငွေအား (၇)ရက်အတွင်း ပြန်လည်ထုတ်ပေး မည်ဖြစ်ပါသည်။

(ဂ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီမှ ရွေးချယ်သူထံမှသာ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူမည်ဖြစ်ပါသည်။

(ဃ) ဝန်ကြီးဌာန ၊ တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် တင်ဒါယှဉ်ပြိုင်မည့် ကုမ္ပဏီ/အရောင်းဆိုင်များမှ Lot အလိုက်တင်သွင်းမည့်ပစ္စည်းများအား အမျိုးအစားအလိုက် နမူနာ(Simple)များကို ပြသစိစစ်ခံယူရမည် ဖြစ်ပြီး တင်ဒါပွဲလာရောက်သူသည် လုပ်ငန်းရှင်ကိုယ်တိုင်(သို့မဟုတ်) ကုမ္ပဏီ/အရောင်းဆိုင်မှ တာဝန်ခံနိုင်သည့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်း တရားဝင်စာပူးတွဲတင်ပြနိုင်မည့် ကိုယ်စားလှယ်ဖြစ်ရမည်။

(င) အဆိုပြုလွှာတွင် ဖော်ပြထားသော ဈေးနှုန်းတန်ဘိုးမှာ မြန်မာကျပ်ငွေဖြစ်ရမည်။

(စ) ပေးသွင်းမည့်လုပ်ငန်းတွင် အသုံးပြုမည့်ကုန်ပစ္စည်း၏ Specification မှာ ဌာနမှ ရွေးချယ်သတ်မှတ်ထားသည့် ကုန်ပစ္စည်းအမှတ်တံဆိပ် အရည်အသွေးအတိုင်းအတာနှင့် ထုတ်လုပ်သည့်နိုင်ငံ (C/O)အတိုင်း ဖြစ်ရမည်။ ပေးသွင်းရမည့်ပစ္စည်းများအား ရုံးအမှတ်(၃)နေပြည်တော်အရောက် ပို့ဆောင်ပေးရမည်။

(ဆ) ရွေးချယ်ခံရပါက လုပ်ငန်းရွေးချယ်ခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ပင်ရင်းမှဖြတ်တောက်ခွန်(၂%) ဖြတ်တောက်၍ ပေးသွင်းရန်နှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)ပေးသွင်းရန် သဘောတူရမည်။

(ဇ) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ကုန်သွယ်ရေးဦးစီးဌာန ၊ စီမံရေးရာဌာနခွဲတွင် ဝယ်ယူရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေးဦးစီးဌာန၏၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ကိရိယာပစ္စည်း (၂)မျိုး၊ ယှဉ်ပြိုင်မှုကော်မရှင်ရုံးအတွက် မြေညှိမြေဖြတ်ခြင်းနှင့် ယှဉ်ပြိုင်မှုကော်မရှင်ရုံးတည်ဆောက်ခြင်းအတွက် အရည်အသွေးစစ်ဆေးခြင်း(QC ဝန်ဆောင်မှုရယူခြင်း) လုပ်ငန်းအား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် စိစစ်ဝယ်ယူသွားမည်ဖြစ်ပါ၍ တင်ဒါလာရောက်ယှဉ်ပြိုင်ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေ့ | - | (၃ - ၂-၂၀၂၀ မှ ၁၄-၂ -၂၀၂၀ ရက်နေ့ထိ ) |
| တင်ဒါကော်မတီဖြင့် | - | (သီးခြားထပ်မံအကြောင်းကြားပါမည်) |
| ဈေးနှုန်းစိစစ်မည့်ရက် | | |
| ကျင်းပမည့်နေရာ | - | ရုံးအမှတ် (၃)၊ အစည်းအဝေးခန်းမ ၊ စီးပွား/ကူးသန်း |
| ဆက်သွယ်ရန်ဖုန်း | - | ၀၆၇-၄၀၈၄၁၀ |

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(သိန်းထွန်းဦး၊ ညွှန်ကြားရေးမှူး )

ဖြန့်ဝေခြင်း ( ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန် )

ညွှန်ကြားရေးမှူး ၊ စီမံရေးရာဌာနခွဲ ၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ရုံးအမှတ် (၃) ၊ ရုံးအမှတ် (၅၂) ကြော်ငြာသင်ပုန်းများ ၊ ကုန်သွယ်ရေးဦးစီးဌာန

မိတ္တူကို

ဝန်ကြီးရုံး ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥက္ကဌ ၊ တင်ဒါကော်မတီ ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး ၊ ကုန်သွယ်ရေးဦးစီးဌာန ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ညွှန်ကြားရေးမှူး ၊ ငွေစာရင်းဌာနခွဲ ၊ ကုန်သွယ်ရေးဦးစီးဌာန

ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဥတ္တရသီရိမြို့နယ်

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဥတ္တရသီရိမြို့နယ်

လက်ခံစာတွဲ/ မျှောစာတွဲ